၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ(၁၁)ရက်၊ (၁၄၀၀)နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ချင်းတွင်းရိပ်သာ(၂)၌ ကျင်းပပြုလုပ်သည့် တိုင်းဒေသကြီးအဆင့် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (Sub-National Coordination Unit– SNU) ၏ တတိယအကြိမ်အစည်းအဝေးမှတ်တမ်း

**တက်ရောက်သူများ**

| | |
|---|---|
| ဦးလာလ်ထောင်ထန်း | နာယက (ဝန်ကြီး၊ ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန) |
| | စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ |

**အတွင်းရေးမှူးအဖွဲ့မှ တက်ရောက်သူများ**

| | |
|---|---|
| ဦးတင်မောင်ဆွေ | အတွင်းရေးမှူး၊ အစိုးရကဏ္ဍ |
| | ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| ဦးငွေလင်း | အတွင်းရေးမှူး၊ အရပ်ဘက်အဖွဲ့အစည်းကဏ္ဍ |
| | တိုင်းဦးဆောင်ကော်မတီဝင်၊ MATA, ကျွန်းလှမြို့နယ် |
| ဦးတင်ရွှေ | အတွင်းရေးမှူး၊ ပုဂ္ဂလိကကဏ္ဍ |
| | အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံသတ္တုလုပ်ငန်းရှင်များအသင်းချုပ် |

**အစိုးရကဏ္ဍမှတက်ရောက်သည့် ကိုယ်စားလှယ်များ**

| | |
|---|---|
| ဦးဝင်းအောင်ညို | ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးပြည်တွင်းအခွန်များဦးစီးဌာန |
| ဦးလင်းထင် | ဒုတိယအထွေထွေမန်နေဂျာ၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း |
| ဦးကျော်စိုး | ဒုတိုင်းဦးစီးမှူး၊ တိုင်းဒေသကြီးရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| ဦးဝင်းဇော် | ဒုတိယညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးသတ္တုတွင်းဦးစီးဌာန |
| ဒေါ်နီနီခိုင် | ဒုတိယညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ |
| ဦးမျိုးအောင် | လ/ထညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန |
| ဦးကျော်ဦး | တိုင်းရောင်းဝယ်ရေးအရာရှိ၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း |
| ဦးဝင်းနိုင်စိုး | ဦးစီးအရာရှိ၊ တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန |
| ဒေါ်ယိုး | ဦးစီးအရာရှိ၊ တိုင်းဒေသကြီးသစ်တောဦးစီးဌာန |
| ဦးဇော်မျိုး | တာဝန်ခံအရာရှိ၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်း |

**အရပ်ဘက်အဖွဲ့အစည်းကဏ္ဍမှတက်ရောက်သူများ**

| | |
|---|---|
| ဦးထွန်းအောင်ကျော် | တိုင်းဦးဆောင်ကော်မတီဝင်၊ MATA, ထီးချိုင့်မြို့နယ် |
| ဦးအောင်ဆန်းမြင့် | တိုင်းအလုပ်အဖွဲ့ဝင် ၊ MATA, ခန္တီးမြို့နယ် |
| ဦးတင့်အောင်စိုး | တိုင်းဦးဆောင်ကော်မတီဝင်၊ MATA, ဆားလင်းကြီးမြို့နယ် |
| ဦးကျော်သက်ဝင်း | တိုင်းဦးဆောင်ကော်မတီဝင်၊ MATA, ကလေးမြို့နယ် |
| ဒေါ်သွဲ့သွဲ့ဝင်း | တိုင်းအလုပ်အဖွဲ့ဝင် ၊ MATA, ဆားလင်းကြီးမြို့နယ် |



Scanned by CamScanner

ပုဂ္ဂလိက ကဏ္ဍမှတက်ရောက်သည့် ကိုယ်စားလှယ်များ

| | |
|---|---|
| ဦးကျော်သူရ | ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးသတ္တုလုပ်ငန်းရှင်များအသင်း |
| ဦးစိန်သန်း | အတွင်းရေးမှူး၊ တိုင်းဒေသကြီးသတ္တုလုပ်ငန်းရှင်များအသင်း |
| ဦးဇော်ထွန်း | မန်နေးဂျင်းဒါရိုက်တာ၊ ဂိုလ်းဒင်းဇော်ကုမ္ပဏီလီမိတက် |
| ဦးကျော်ဇေယျ | လ/ထအထွေထွေမန်နေဂျာ၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက် |
| ဦးသိန်းဆွေဦး | လ/ထအထွေထွေမန်နေဂျာ၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက် |
| ဦးသန့်ဇင်ဦး | ဒါရိုက်တာ၊ ရတနာအလုံမင်းကုမ္ပဏီလီမိတက် |

၁။ တိုင်းဒေသကြီးအဆင့်လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (Sub- National Coordination Unit- SNU) ၏ တတိယအကြိမ် အစည်းအဝေးအား အောက်ပါအစီအစဉ်(၄)ရပ်ဖြင့် ကျင်းပဆောင်ရွက်ခဲ့ပါသည်-

(က) စစ်ကိုင်းတိုင်းဒေသကြီး လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (SNU) ၏ ဒုတိယအကြိမ် အစည်းအဝေးတွင် အရပ်ဘက်အဖွဲ့အစည်းကဏ္ဍဘက်မှ တင်ပြဆွေးနွေးခဲ့သည့် ဆုံးဖြတ်ချက်များအား အကောင်အထည် မဖော်သေးသည်များကို ဆွေးနွေးတင်ပြ၍ သဘောထားရယူခြင်း၊

(ခ) ပုဂ္ဂလိက ကဏ္ဍဘက်မှ SNU သို့ တင်ပြဆွေးနွေးမည့် အစီအစဉ်များအား ဆွေးနွေးတင်ပြခြင်း၊

(ဂ) အထွေထွေဆွေးနွေးခြင်း၊

(ဃ) နာယကမှ နိဂုံးချုပ်စကားပြောကြားခြင်း။

## ရည်ရွယ်ချက်

၂။ ကဏ္ဍအလိုက် ကိုယ်စားလှယ်များ၏ တင်ပြချက်များအပေါ် တိုင်းဒေသကြီးအဆင့်လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (Sub- National Coordination Unit- SNU) အစည်းအဝေးတွင် ဆွေးနွေးညှိနှိုင်းရန်။

## ဆွေးနွေးချက်များ

၃။ အရပ်ဘက်အဖွဲ့အစည်းကဏ္ဍဘက်မှ အတွင်းရေးမှူး ဦးငွေလင်းက မြန်မာနိုင်ငံ၏ သဘာဝသယံဇာတတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေးလုပ်ငန်း MEITI ၏ လုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဖွဲ့စည်းလုပ်ဆောင်ရမည့် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (SNU-Sub National Coordination Unit) ကို စစ်ကိုင်းတိုင်းဒေသကြီးတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၄-၉-၂၀၁၈ ရက်စွဲပါ စာအမှတ်၊ ၃/၆-၃ (၉၇)/ (၀၇၂)သတ္တု ဖြင့် ဖွဲ့စည်းပြီးဖြစ်ပါကြောင်း၊



Scanned by CamScanner

တိုင်းဒေသကြီးလုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့တွင် နာယက(၁)ဦး၊ အစိုးရကဏ္ဍမှ ကိုယ်စားလှယ်(၈)ဦး၊ အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်(၅)ဦး၊ ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်(၅)ဦး၊ စုစုပေါင်း တင်းပြည့်အဖွဲ့ဝင်(၁၉)ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၃)ဦးအား လေ့လာသူအနေဖြင့်လည်းကောင်း၊ အစိုးရကဏ္ဍမှ အရန်ကိုယ်စားလှယ်(၅)ဦး၊ အရပ်ဘက် အဖွဲ့အစည်းများမှ အရန်ကိုယ်စားလှယ်(၅)ဦး၊ ပုဂ္ဂလိကကဏ္ဍမှ အရန်ကိုယ်စားလှယ်(၅)ဦးတို့ကို ဖွဲ့စည်း တာဝန်ပေးအပ်ထားပါကြောင်း၊ ၂၂-၈-၂၀၁၈ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် MEITI သုံးပွင့်ဆိုင်ညွှန့်ပေါင်း အဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် အတည်ပြုခဲ့သည့် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ SNU များ၏ ဖွဲ့စည်းပုံ၊ တာဝန်ဝတ္တရားများနှင့် လုပ်ပိုင်ခွင့်များ(မူကြမ်း)တွင် ဖော်ပြပါရှိသော လက်တွေ့အကောင်အထည် ဖော်ဆောင်ရွက်ရမည့် အဓိကလုပ်ငန်းစဉ်(၄)ရပ်အား ဆွေးနွေးညှိနှိုင်း အတည်ပြုခဲ့ကြပြီးဖြစ်ပါကြောင်း ပဏာမရှင်းလင်းဆွေးနွေးပါသည်။

၄။ အရပ်ဘက်အဖွဲ့အစည်းကဏ္ဍမှ စစ်ကိုင်းတိုင်းဒေသကြီးလုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (SNU)၏ဒုတိယအကြိမ်အစည်းအဝေးတွင် တင်ပြဆွေးနွေးခဲ့သည့် ဆုံးဖြတ်ချက်များအပေါ် အကောင်အထည် ဖော်ဆောင်ရွက်ပေးခြင်း မရှိသေးသည့်အတွက် အောက်ပါအချက်များကို ယနေ့ကျင်းပပြုလုပ်သည့် တတိယ အကြိမ်အစည်းအဝေးတွင် ဆက်လက်ဆွေးနွေးတင်ပြခဲ့ပါသည်။

၅။ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့်ပတ်သက်၍ JIT အစည်းအဝေးမှတ်တမ်းများကို SNU သို့ပေးပို့ရန်အတွက် အကြောင်းကြားရန် ဆုံးဖြတ်ချက်အား ဒုတိယအကြိမ်အစည်းအဝေးအပြီးတွင် အစိုးရကဏ္ဍမှ ဆောင်ရွက်ခဲ့သော်လည်း သက်ဆိုင်ရာကုမ္ပဏီမှ ပေးပို့ခြင်းမရှိသည့်အတွက် တတိယအကြိမ် အစည်းအဝေးတွင် ဆက်လက်ဆွေးနွေးခဲ့ရာ နာယကနှင့် အစိုးရကဏ္ဍ၊ အတွင်းရေးမှူးတို့မှ ဆောင်ရွက် ပေးမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပါသည်။

၆။ SNU အစည်းအဝေးများကို လစဉ်ပုံမှန်ကျင်းပနိုင်ရေးအတွက် ဒုတိယအကြိမ်အစည်း အဝေးတွင် ဆွေးနွေးခဲ့ကြသော်လည်း အစိုးရအဖွဲ့မှ မအားလပ်သည့်အတွက် လစဉ်ပုံမှန်အစည်းအဝေးများ မကျင်းပနိုင်ခဲ့ခြင်းအပေါ် တတိယအကြိမ် အစည်းအဝေးတွင် ဆက်လက်တင်ပြဆွေးနွေးခဲ့ကြရာ ကိုယ်စားလှယ်အားလုံးမှ လတစ်လ၏ နောက်ဆုံးပတ်များတွင် SNU အစည်းအဝေးများ ဆောင်ရွက်ကြရန် သဘောတူဆွေးနွေးခဲ့ကြပါသည်။

၇။ ဒုတိယအကြိမ်အစည်းအဝေးတွင် ကလေးမြို့နယ်ရှိ ကျောက်မီးသွေးလုပ်ကွက်များ၌ Sub Contract များ ဆောင်ရွက်နေခြင်းအပေါ် တတိယအကြိမ် အစည်းအဝေးတွင် အမှတ်(၁)သတ္တုတွင်း လုပ်ငန်းမှ လာရောက်ရှင်းလင်းရန် ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၊ မုံရွာ(ရုံးခွဲ) တာဝန်ခံအရာရှိက ကလေးဝ၊ မော်လိုက်၊ တမူးမြို့နယ်များတွင် Sub Contract များ ဝင်ရောက်လုပ်ကိုင် နိုင်ရန်အတွက် အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၊ ရုံးချုပ်သို့ တင်ပြရပါကြောင်း၊ ထိုမှတစ်ဆင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးထံ တင်ပြရပြီး ခွင့်ပြုချက်ရမှသာလျှင် Sub Contract များအနေဖြင့် ဆောင်ရွက်နိုင်ပါကြောင်း၊ ခွင့်ပြုချက်မရရှိဘဲ ဆောင်ရွက်ပါက သက်ဆိုင်ရာ ကုမ္ပဏီအား တရားစွဲဆိုရမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားပါသည်။ ကလေးဝမြို့နယ်အတွင်း



Scanned by CamScanner

ကျောက်မီးသွေးလုပ်ငန်းစီမံကိန်းများ၏ အခြေအနေများကို အရပ်ဘက်အဖွဲ့အစည်းများအနေဖြင့် ဒေသ၏ မြေပြင်အခြေအနေနှင့် သတင်းအချက်အလက်များအား တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တိုက်ရိုက်တင်ပြရန်နှင့် SNU အစည်းအဝေးများတွင် တင်ပြဆွေးနွေးရန် ဆွေးနွေးခဲ့ကြပါသည်။

၈။ ခန္တီးမြို့နယ်တွင် ကျောက်မျက်ကုမ္ပဏီများအနေဖြင့် ဘက်ဟိုးများကို သတ်မှတ်အရေအတွက်ထက် ကျော်လွန်သုံးစွဲနေခြင်းနှင့်စပ်လျဉ်း၍ ဒုတိယအကြိမ် အစည်းအဝေးတွင် အဖွဲ့ပေါင်းစုံဖွဲ့စည်းပြီး ပြန်လည်စိစစ်ရန် ဆုံးဖြတ်ချက်အား တတိယအကြိမ်အစည်းအဝေးတွင် သက်ဆိုင်ရာတာဝန်ရှိသူက ခွင့်တိုင်ကြားထားသဖြင့် ဆွေးနွေးနိုင်ခြင်းမရှိခဲ့ပါ။ အစိုးရကဏ္ဍဘက်မှ ကျောက်မျက်ကဏ္ဍအတွက် သီးသန့်ဖွဲ့စည်းပေးထားသည့် အဖွဲ့ရှိပါကြောင်း၊ ၎င်းအဖွဲ့မှလည်း ဆောင်ရွက်မှုများရှိပြီး အစိုးရအနေဖြင့် အရေးယူဆောင်ရွက်ခဲ့မှုများလည်း ရှိပါကြောင်း ပြန်လည်ဆွေးနွေးပါသည်။ ခန္တီးမြို့နယ်တွင် တရားဝင်လုပ်ကိုင်နေသော ကျောက်မျက်စီမံကိန်းများနှင့်ပတ်သက်သော အချက်အလက်များအား သက်ဆိုင်ရာတာဝန်ရှိသူထံမှ တောင်းပေးမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးပါသည်။

၉။ ဥပဒေနှင့်မညီသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းလုပ်ပိုင်ခွင့်များ သက်တမ်းတိုးခြင်းနှင့် ခွင့်ပြုမိန့်များရယူ၍ ပုဂ္ဂလိကစိုက်ခင်းများကို Working Plan အတိုင်း လုပ်ကိုင်ဆောင်ရွက်မှုမရှိသည်များကို ဒုတိယအကြိမ်အစည်းအဝေးတွင် အထူးအဖွဲ့ဖြင့်စစ်ဆေး၍ တိုင်းဒေသကြီးအစိုးရသို့ တင်ပြဆောင်ရွက်ရန် ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ အစိုးရကဏ္ဍ၊ သက်ဆိုင်ရာဌာနတာဝန်ရှိသူမှ ပုဂ္ဂလိကစိုက်ခင်းများအနေဖြင့် (၄) နှစ်ပြည့်၍ Working Plan အတိုင်း မဆောင်ရွက်သည့်စီမံကိန်းများကို ပြန်လည်သိမ်းယူနေလျက်ရှိပါကြောင်း ပြန်လည်ဖြေရှင်းခဲ့ပါသည်။ အစိုးရကဏ္ဍ၊ အတွင်းရေးမှူးမှ အရပ်ဘက်အဖွဲ့အစည်းကဏ္ဍမှ မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးနိုင်ပါက ပိုကောင်းမည်ဖြစ်ကြောင်းနှင့် ဟုမ္မလင်းနှင့် ဖောင်းပြင်မြို့နယ်များရှိ ပုဂ္ဂလိကစိုက်ခင်း လျှောက်ထားရယူထားသည့် စာရင်းနှင့် အချက်အလက်များအား ပေးမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပါသည်။ ကွင်းဆင်းတွေ့ရှိချက် အစီရင်ခံစာအား တိုင်းဒေသကြီးအစိုးရအဖွဲ့ နှင့် SNU သို့ ပေးပို့ရန် ဆွေးနွေးခဲ့ကြပါသည်။

၁၀။ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းရှိ နိုင်ငံသား၊ နိုင်ငံခြားသား အလုပ်သမားဖွဲ့စည်းပုံ (အမည်၊ ရာထူးအဆင့်၊ လစာ အသေးစိပ်ဇယား) ကို မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်မှ တတိယအကြိမ်(SNU)အစည်းအဝေးတွင် စာရင်းဇယားနှင့်တကွ လာရောက်ရှင်းလင်းဖြေကြားရန် ဒုတိယအကြိမ်အစည်းအဝေးတွင် ဆုံးဖြတ်ချက်ချခဲ့သော်လည်း ကုမ္ပဏီဘက်မှ ဆောင်ရွက်ပေးရန် အစိုးရကဏ္ဍဘက်က ဆောင်ရွက်နိုင်မှုမရှိခဲ့ပါကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့တွင်လည်း ၎င်းအချက်အလက်များမရှိကြောင်းနှင့် အစိုးရကဏ္ဍဘက်ကလည်း သိချင်ကြောင်းဆွေးနွေးကြပါသည်။ ထပ်မံ၍ ပုဂ္ဂလိကကဏ္ဍဘက်သို့ မည်သို့ ကူညီပေးနိုင်မည်ကို ဆွေးနွေးရာ မြန်မာ၀မ်ပေါင်နှင့် မြန်မာယန်စီကုမ္ပဏီတို့သည် သတ္တုတွင်းလုပ်ငန်းရှင်များအသင်းတွင် မရှိကြောင်းနှင့် ၎င်းတို့ ထိန်းချုပ်၍ မရကြောင်းဆွေးနွေးပါသည်။ ထို့ကြောင့် NCS နှင့် MSG တို့မှတစ်ဆင့် စာရင်းတောင်းပေးရန် ဆွေးနွေးခဲ့ကြပါသည်။

၁၁။ ဒုတိယအကြိမ်အစည်းအဝေးတွင် ထီးချိုင့်မြို့နယ်၊ နီကာယ်စီမံကိန်းရှိ နိုင်ငံသား၊ နိုင်ငံခြားသား အလုပ်သမား၊ ဖွဲ့စည်းပုံ (အမည်၊ ရာထူးအဆင့်၊ လစာ အသေးစိပ်ဇယား) များကို တိုင်းဒေသကြီး



Scanned by CamScanner

ပြည်တွင်းအခွန်များဦးစီးဌာနမှပေးပို့ရန် ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးပြည်တွင်းအခွန်များဦးစီးဌာနက အားလုံးသော စာရင်းဇယားအချက်အလက်များမှာ ၎င်းတို့ဌာနတစ်ခုတည်းတွင် မရှိပါကြောင်း ပြန်လည်ဆွေးနွေးပါသည်။ အဆိုပါစာရင်းဇယား အချက်အလက်များသည် အစိုးရတွင်လည်း မရှိခြင်းတို့ကြောင့် NCS နှင့် MSG သို့တင်ပြ၍ စာရင်းတောင်းယူပြီး SNU သို့ ပြန်လည်ပေးပို့ပေးရန် ဆွေးနွေးဆုံးဖြတ်ကြပါသည်။

၁၂။ ဒုတိယအကြိမ်အစည်းအဝေးတွင် မြန်မာယန်စီကော့ပါးလီမိတက်မှ တစ်နှစ်လျှင် ကြေးနီတန်ချိန် မည်မျှထုတ်လုပ်မည်၊ အမှန်တကယ်ထုတ်လုပ်နေသည့် ပမာဏ၊ စာရင်းဇယား၊ စက်ရုံအရေအတွက်၊ စက်ရုံတစ်ခုချင်းစီမှ ထုတ်လုပ်နေသော ကြေးနီတန်ချိန်တို့ကို မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်မှ တတိယအကြိမ်(SNU)အစည်းအဝေးတွင် စာရင်းဇယားနှင့်တကွ လာရောက်ရှင်းလင်းဖြေကြားရန် ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ တိုင်းအစိုးရအဖွဲ့သို့လည်း မည်သည့်အစီရင်ခံစာမှ ပေးပို့ခြင်းမရှိသည့်အတွက် NCS နှင့် MSG တို့မှ တောင်းပေးရန်နှင့် SNU အဖွဲ့သို့ ပြန်လည်ပေးပို့ရန် ဆွေးနွေးခဲ့ကြပါသည်။

၁၃။ ကြေးနီစီမံကိန်းများတွင် အက်စစ်ဖြန်းသည့်စနစ်နှင့်ပတ်သက်၍ တိုင်းဒေသကြီးပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ကွင်းဆင်းစစ်ဆေး၍ အစီရင်ခံစာတင်ပြရန် ဒုတိယအကြိမ် အစည်းအဝေးမှ ဆုံးဖြတ်ချက်အပေါ် အစိုးရကဏ္ဍမှ ၎င်းတို့အနေဖြင့် ကွင်းဆင်းစစ်ဆေးပြီး စစ်ဆေးတွေ့ရှိချက်များကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနသို့ တင်ပြထားပါကြောင်း၊ သို့ရာတွင် မြေပြင်၌ ဆက်လက်၍ အက်စစ်ဖြန်းသည့်စနစ်လုပ်ဆောင်နေသည်ကို ယခုတတိယအကြိမ်အစည်းအဝေးတွင် မှတ်တမ်းတင်ထားမည်ဖြစ်ပါကြောင်း၊ ဆောင်ရွက်မှုအခြေအနေများကို ပြည်ထောင်စုသို့ ဆက်လက်တင်ပြပေးမည်ဖြစ်ကြောင်း ဆွေးနွေးပါသည်။ အက်စစ်ဖြန်းသည့်စနစ်ဖြင့် ဆောင်ရွက်နေသည့် အခြေအနေများအား မှတ်တမ်းမှတ်ရာများ (သို့) ဓါတ်ပုံမှတ်တမ်းများဖြင့် ရိုက်ယူထားပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် SNU အစည်းအဝေးများတွင် ဆွေးနွေးတင်ပြကြရန် ဆွေးနွေးဆုံးဖြတ်ကြပါသည်။

၁၄။ မြန်မာယန်စီကော့ပါးလီမိတက်မှ Mine clouser plan အား တတိယအကြိမ်အစည်းအဝေးတွင် ဆွေးနွေးတင်ပြရာ NCS နှင့် MSG မှ တစ်ဆင့် သက်ဆိုင်ရာကုမ္ပဏီသို့ တောင်းပေးရန် ဆွေးနွေးဆုံးဖြတ်ခဲ့ကြပါသည်။

၁၅။ မြန်မာယန်စီကော့ပါးလီမိတက်မှ မြေယာလျော်ကြေး/ ထောက်ပံ့ကြေးအမြန်ပေးအပ်နိုင်ရေးနှင့် မြစ်ရေရရှိရေးဆွေးနွေးချက်များအပေါ် အစိုးရကဏ္ဍမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်၊ ဝန်ကြီး (၄)ဦးပါဝင်သော အဖွဲ့နှင့် ဒေသခံများတွေ့ဆုံ၍ အသေးစိပ်ဆွေးနွေးနိုင်ရန် စီစဉ်ပေးမည်ဖြစ်ကြောင်း ပြန်လည် ဆွေးနွေးပါသည်။

၁၆။ စစ်ကိုင်းတိုင်းဒေသကြီးသတ္တုလုပ်ငန်းရှင်များအသင်းမှ တိုင်းဒေသကြီးအတွင်းရှိ ရွှေသတ္တုတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများတွင် ဌာနဆိုင်ရာများ မသိနိုင်သော ပြဿနာပေါင်းစုံရှိပါကြောင်း၊ သတ္တုလုပ်ငန်းရှင်များအသင်းသည် အမှန်တကယ် လက်တွေ့လုပ်ကိုင်နေသော လုပ်ငန်းရှင်များ ပါဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်း ဖြစ်ပါကြောင်း၊ လုပ်ငန်းခွင်တွင် အမှန်တကယ် နေထိုင်လုပ်ကိုင်နေသူများဖြစ်၍



Scanned by CamScanner

ဖြစ်ပေါ်နေသော ပြဿနာပေါင်းစုံကို သိရှိပါကြောင်း၊ ဓာတ်သတ္တုအသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်ရန် ခွင့်ပြုခြင်းသည် ဒေသခံပြည်သူလူထု အလုပ်အကိုင်ရရှိရေးနှင့် သက်သာချောင်ချိရေးအတွက် ရည်ရွယ်ခြင်းဖြစ်ပါကြောင်း၊ သို့သော် လက်တွေ့တွင် ရည်ရွယ်ချက်အထမမြောက်ဘဲ ဒေသခံမဟုတ်ဘဲ ငွေကြေးရှိသူများနှင့် အကြောင်းအမျိုးမျိုးဖြင့် ပါဝင်ပတ်သက်မှုများကြောင့် အခွင့်အရေး ရနေသူများသာ လုပ်ပိုင်ခွင့်ရနေသောအခြေအနေဖြစ်နေပါကြောင်း၊ ဤသို့သော အခြေအနေများအား ဌာနဆိုင်ရာများ အနေဖြင့် သိရှိနိုင်မည်မဟုတ်ပါကြောင်း၊ သို့အတွက် လုပ်ကွက်စိစစ်ချထားရာတွင် လုပ်ငန်းရှင်များကိုယ်စား သတ္တုလုပ်ငန်းရှင်များအသင်းများသို့ အခြေအနေများအား တင်ပြပြောဆိုခွင့်ပေးစေလိုပါကြောင်း၊ မြို့နယ် အသင်းများအနေဖြင့် လုပ်ကွက်လျှောက်ထားသူသည် ဒေသခံဟုတ်/မဟုတ်၊ လျှောက်ထားသူအချင်းချင်း သော်လည်းကောင်း၊ ဒေသခံများနှင့်သော်လည်းကောင်း ပြဿနာရှိ/မရှိ မေးမြန်းတင်ပြခွင့်ပြုပါက လုပ်ကွက် စိစစ်ချထားရာတွင် ပွင့်လင်းမြင်သာမှုရှိမည်ဖြစ်ပါကြောင်း၊ မြန်မာသတ္တုတွင်း ဥပဒေ၊ နည်းဥပဒေတို့တွင် လုပ်ကွက်အမျိုးအစားအလိုက် အသုံးပြုနိုင်သော စက်ယန္တရားများ သတ်မှတ်ပါရှိပြီးဖြစ်ကြောင်း၊ ယခုအခါ ငွေကြေးတတ်နိုင်သူများက ခွင့်မပြုသော စက်ယန္တရားကြီးများအသုံးပြု၍ လုပ်ကိုင်နေသဖြင့် ခွင့်ပြု ထားသည့် စက်ယန္တရားများကိုသာ အသုံးပြုနိုင်သည့် ဒေသခံများမှာ အထူးနစ်နာလျှက်ရှိပါကြောင်း၊ ဤကိစ္စ အတွက် သတ္တုတွင်း ဥပဒေ၊ နည်းဥပဒေအတိုင်း ဖြစ်စေလိုပါကြောင်း၊ အချို့သော လုပ်ကွက်လျှောက်ထားသူ များမှာ အမှန်တကယ်လုပ်ကိုင်သူများမဟုတ်ဘဲ လုပ်ကွက်ရောင်းစားခြင်း၊ ဖက်စားချ၍ ရွှေကောက်ခြင်းများ ဆောင်ရွက်လျက်ရှိနေပါကြောင်း၊ ၎င်းတို့သည် တာဝန်ရှိသော ဌာနဆိုင်ရာများနှင့် နည်းမျိုးစုံဖြင့် ဝင်ရောက် ပူးပေါင်းပြီး လုပ်ကွက်ရရှိရေး ဆောင်ရွက်ကြသောကြောင့် အမှန်တကယ်လုပ်ကိုင်စားသူများ အထူးနစ်နာ လျှက်ရှိပါကြောင်း ဆွေးနွေးပါသည်။

၁၇။ ကောလင်းမြို့နယ်၊ ရှမ်းကလုံးအုပ်စု၊ ကျွန်းတောအုပ်စုဘက်တွင်လည်း လွှတ်တော်အမတ် များမှတစ်ဆင့် ဒေသခံများ၏ တောင်းဆိုမှုကြောင့် အကြီးစားဧရိယာတွင် ဒေသခံများအတွက် ရွှေလုပ်ကွက် အသေးစားဧရိယာများ သတ်မှတ်ပေးနိုင်ရန် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာနမှ ကွင်းဆင်းတိုင်းတာဆောင်ရွက်ခဲ့ပါကြောင်း၊ ၎င်းအခြေအနေနှင့်ပတ်သက်၍ ဒေသခံများ၏ သဘော ထား၊ မြေပြင်အခြေအနေနှင့် အသင်းမှ ဆောင်ရွက်ပေးနေပုံ အဆင့်ဆင့်ကို တိုင်းဒေသကြီးသတ္တုလုပ်ငန်း ရှင်များအသင်း အတွင်းရေးမှူး ဦးစိန်သန်းက ဆွေးနွေးခဲ့ပါသည်။

၁၈။ ဆက်လက်၍ တိုင်းဒေသကြီးလုပ်ကွက်စိစစ်ချထားပေးရေးကော်မတီအဖွဲ့သို့ ဓာတ်သတ္တု အသေးစားနှင့် လက်လုပ်လက်စားလုပ်ကွက်များ လျှောက်ထားရာတွင် ကနဦး လုပ်ကွက်စတင် လျှောက် ထားသည့်အခါ အဓိကပါဝင်သင့်သည့် အချက်အလက်များနှင့် အကြံပြုချက်များအား အောက်ပါအတိုင်း ဆွေးနွေးခဲ့ပါသည်-

(က) လုပ်ကွက်လျှောက်ထားလိုသော ကုမ္ပဏီသည် မိမိလျှောက်ထားလိုသော လုပ်ကွက် တည်နေရာသို့မြေပြင်ကွင်းဆင်း၍ စစ်ဆေးတိုင်းတာခြင်းမှတ်တမ်းနှင့် ပတ်ဝန်းကျင် အခြေအနေများကို ဓါတ်ပုံမှတ်တမ်းနှင့်တကွ တင်ပြလျှောက်ထားသင့်ကြောင်း၊

(ခ) လျှောက်ထားသောလုပ်ကွက်၏ ပတ်ဝန်းကျင်တွင် လယ်ယာမြေများနှင့် နီးစပ်ပါက လယ်သမားများနှင့် အရှုပ်အရှင်း ကင်းရှင်းကြောင်း သက်ဆိုင်ရာ ကျေးရွာအုပ်စု



Scanned by CamScanner

အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖတို့၏ သဘောထားမှတ်ချက်တို့ ပါဝင်တင်ပြသင့်ပါကြောင်း၊

(ဂ) ပြည်သူ့ကိုယ်စားလှယ်များဖြစ်သည့် သက်ဆိုင်ရာဒေသ၏ လွှတ်တော်ကိုယ်စားလှယ်၏ သဘောထားမှတ်ချက်တို့ ပါဝင်တင်ပြလျှောက်ထားသင့်ပါကြောင်း။

၁၉။ ဗန်းမောက်မြို့နယ်အတွင်းမှာ အသေးစား၊ လက်လုပ်လက်စား လုပ်ကွက်များ လျှောက်ထားနိုင်သည့်ဧရိယာမှာ ကျဉ်းမြောင်းရှားပါးလာပြီး လယ်ယာမြေများနှင့် မလွတ်ကင်းသောနေရာများသာ ကျန်ရှိနေသည့်အတွက် လုပ်ကွက်လျှောက်ထားသော ကုမ္ပဏီများအနေဖြင့် မြေပြင်သို့ သေချာစွာ ကွင်းဆင်း၍ စနစ်တကျ ကွင်းဆင်းစိစစ်တိုင်းတာခြင်း၊ လယ်ယာမြေများနှင့် မလွတ်ကင်းပါက သက်ဆိုင်သူများနှင့် အကြိုညှိနှိုင်းဆွေးနွေးခြင်း၊ သဘောထားရယူခြင်းများ ပြုလုပ်သင့်ပါကြောင်း၊ ထိုကဲ့သို့ မပြုလုပ်သော ကုမ္ပဏီများအနေဖြင့် ဒေသခံပြည်သူများ၏ အထင်အမြင် လွဲမှားခံရပြီး ပဋိပက္ခအသွင် ဆောင်နေမည်ဖြစ်ပါကြောင်း၊ နောင်တွင် ဒေသခံများနှင့် အရှုပ်အရှင်းပြဿနာများ မဖြစ်ပေါ်စေရေးအတွက် အထက်ပါအချက်သုံးချက်အား ထည့်သွင်း၍ လျှောက်ထားသင့်ပါကြောင်း အကြံပြုတင်ပြဆွေးနွေးခဲ့ပါသည်။

**နိဂုံးချုပ် အမှာစကားပြောကြားခြင်း**

၂၀။ တိုင်းဒေသကြီးအဆင့်လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ နာယက (ဝန်ကြီး၊ ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့) က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ တစ်ဦးနှင့်တစ်ဦး၊ ကဏ္ဍတစ်ခုနှင့် တစ်ခု ဆွေးနွေးပြောဆိုကြသည့် အလေ့အထပေါ်ပေါက်လာခြင်းမှာ ကောင်းမွန်ပါကြောင်း၊ နောင်တွင်လည်း အပြုသဘောမျိုးနှင့် ရိုးရိုးသားသား ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြစေလိုပါကြောင်း၊ အောက်ခြေတွင် လက်တွေ့ဖြစ်ပေါ်နေသည့် အခြေအနေအရပ်ရပ်တို့ကို အစိုးရအနေဖြင့် မသိနိုင်သကဲ့သို့ ကွင်းဆင်းပြီး အားလုံးကြည့်နေနိုင်ခြင်းမရှိပါကြောင်း၊ လက်တွေ့ဖြစ်နေသည့် မြေပြင်အခြေအနေများကိုလည်း မသိနိုင်ပါကြောင်း၊ အောက်ခြေက တင်ပြလာသည်ကိုသာ သိရှိရပါကြောင်း၊ မြေပြင်တွင် ဖြစ်ပေါ်နေသည့် ပြဿနာများအား ကိုယ်စားလှယ်များအနေဖြင့် တင်ပြကြရန်လိုအပ်ပြီး ပွင့်လင်းမြင်သာအောင် ဆောင်ရွက်အကောင်အထည်ဖော်ပေးမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများကိုလည်း လမ်းညွှန်ပေးမည်ဖြစ်ကြောင်း၊ လုပ်ကွက်စိစစ်ချထားပေးရေးကိစ္စနှင့်စပ်လျဉ်း၍ အကြံပြုပေးကြရန်ဖြစ်ကြောင်း ဆွေးနွေးပြောကြားပါသည်။

**ဆုံးဖြတ်ချက်များ**

၂၁။ တိုင်းဒေသကြီးအဆင့် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (Sub- National Coordination Unit- SNU) ၏ တတိယအကြိမ်အစည်းအဝေးမှ အောက်ပါတို့ကို ဆုံးဖြတ်ခဲ့ကြပါသည်-

| စဉ် | ဆုံးဖြတ်ချက် | ဆောင်ရွက်ရန် |
|---|---|---|
| (က) | လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့်ပတ်သက်၍ JIT အစည်းအဝေးမှတ်တမ်းများကို SNU သို့ပေးပို့နိုင်ရေးအတွက် ဆောင်ရွက်ပေးရန်။ | နာယက<br>အတွင်းရေးမှူး(အစိုးရကဏ္ဍ) |



Scanned by CamScanner

| စဉ် | ဆုံးဖြတ်ချက် | ဆောင်ရွက်ရန် |
|---|---|---|
| (ခ) | SNU အစည်းအဝေးများကို လစဉ် လတစ်လ၏ နောက်ဆုံးပတ်များတွင် ဆောင်ရွက်ရန်၊ | ကိုယ်စားလှယ်အားလုံး |
| (ဂ) | ကလေးဝမြို့နယ်အတွင်း ကျောက်မီးသွေးလုပ်ငန်းစီမံကိန်းများ၏ အခြေအနေများကို အရပ်ဘက်အဖွဲ့အစည်းများအနေဖြင့် ဒေသ၏ မြေပြင်အခြေအနေနှင့် သတင်းအချက်အလက်များအား တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တိုက်ရိုက်တင်ပြရန်နှင့် SNU အစည်းအဝေးများတွင် တင်ပြဆွေးနွေးရန်၊ | အရပ်ဘက်အဖွဲ့အစည်းကဏ္ဍ |
| (ဃ) | ခန္တီးမြို့နယ်တွင် တရားဝင်လုပ်ကိုင်နေသော ကျောက်မျက်စီမံကိန်းများနှင့်ပတ်သက်သော အချက်အလက်များအား သက်ဆိုင်ရာ တာဝန်ရှိသူထံမှ တောင်းခံပေးရန်၊ | နာယက အတွင်းရေးမှူး(အစိုးရကဏ္ဍ) |
| (င) | ဟုမ္မလင်းနှင့် ဖောင်းပြင်မြို့နယ်များရှိ ပုဂ္ဂလိကစိုက်ခင်း လျှောက်ထားရယူထားသည့် စာရင်းနှင့် အချက်အလက်များအား SNU သို့ ပေးပို့ရန်၊ | တိုင်းဒေသကြီး လယ်စီ/စာရင်းအင်းဌာန |
| (စ) | မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်ရယူထားပြီး အမှန်တကယ်အသုံးပြုခြင်းရှိ/မရှိ ကွင်းဆင်းစစ်ဆေးပြီး ကွင်းဆင်းတွေ့ရှိချက်အစီရင်ခံစာကို တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် SNU သို့ ပေးပို့ရန်၊ | အရပ်ဘက်အဖွဲ့အစည်းကဏ္ဍ |
| (ဆ) | လက်ပံတောင်းတောင်ကြေးနီစီမံကိန်းရှိ နိုင်ငံသား၊ နိုင်ငံခြားသား အလုပ်သမားဖွဲ့စည်းပုံ (အမည်၊ ရာထူးအဆင့်၊ လစာ အသေးစိပ်ဇယား) ကို NCS နှင့် MSG တို့မှတစ်ဆင့် စာရင်းတောင်းပေးရေးအတွက် တင်ပြရန်၊ | နာယက အတွင်းရေးမှူး(အစိုးရကဏ္ဍ) |
| (ဇ) | ထီးချိုင့်မြို့နယ်၊ နီကာယ်စီမံကိန်းရှိ နိုင်ငံသား၊ နိုင်ငံခြားသား အလုပ်သမား၊ ဖွဲ့စည်းပုံ (အမည်၊ ရာထူးအဆင့်၊ လစာ အသေးစိပ်ဇယား) ကို NCS နှင့် MSG တို့မှတစ်ဆင့် စာရင်းတောင်းပေးရေးအတွက် တင်ပြရန်၊ | နာယက အတွင်းရေးမှူး(အစိုးရကဏ္ဍ) |
| (ဈ) | မြန်မာယန်စီကော့ပါးလီမိတက်မှ တစ်နှစ်လျှင် ကြေးနီတန်ချိန်မည်မျှထုတ်လုပ်မည်၊ အမှန်တကယ် ထုတ်လုပ်နေသည့် ပမာဏ၊ စာရင်းဇယား၊ စက်ရုံအရေအတွက်၊ စက်ရုံတစ်ခုချင်းစီမှ ထုတ်လုပ်နေသော ကြေးနီတန်ချိန်တို့ကို NCS နှင့် MSG တို့မှတစ်ဆင့် စာရင်းတောင်းပေးရေး အတွက် တင်ပြရန်၊ | နာယက အတွင်းရေးမှူး(အစိုးရကဏ္ဍ) |



Scanned by CamScanner

| စဉ် | ဆုံးဖြတ်ချက် | ဆောင်ရွက်ရန် |
|---|---|---|
| (ည) | ကြေးနီစီမံကိန်းများတွင် အက်စစ်ဖြန်းသည့်စနစ်နှင့်ပတ်သက်၍ မှတ်တမ်းမှတ်ရာများ (သို့) ဓါတ်ပုံမှတ်တမ်းများဖြင့် ရိုက်ယူထားပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် SNU အစည်းအဝေးများတွင်ဆွေးနွေး တင်ပြရန်၊ | အရပ်ဘက် အဖွဲ့အစည်းကဏ္ဍ |
| (ဋ) | မြန်မာယန်စီကော့ပါးလီမိတက်မှ Mine clouser plan အား NCS နှင့် MSG မှတစ်ဆင့် သက်ဆိုင်ရာကုမ္ပဏီသို့ တောင်းပေးရန်၊ | နာယက အတွင်းရေးမှူး(အစိုးရကဏ္ဍ) |
| (ဌ) | မြန်မာယန်စီကော့ပါးလီမိတက်မှ မြေယာလျော်ကြေး/ ထောက်ပံ့ကြေး အမြန်ပေးအပ်နိုင်ရေးနှင့် မြစ်ရေရရှိရေး ဆွေးနွေးချက်များ အပေါ် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်၊ ဝန်ကြီး(၄)ဦး ပါဝင်သော အဖွဲ့နှင့် ဒေသခံများတွေ့ဆုံ၍ အသေးစိပ်ဆွေးနွေးနိုင်ရေး စီစဉ်ပေးရန်၊ | နာယက အတွင်းရေးမှူး(အစိုးရကဏ္ဍ) |
| (ဍ) | တိုင်းဒေသကြီးလုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သို့ တိုင်းဒေသကြီးသတ္တုလုပ်ငန်းရှင်များအသင်းမှ အကြံပြုဆွေးနွေးချက်များအား SNU မှ မူအားဖြင့် သဘောတူသဖြင့် တိုင်းအစိုးရအဖွဲ့သို့ သတ္တုလုပ်ငန်းရှင်များအသင်းက သီးသန့်စာတင်ပေးရန်၊ | ပုဂ္ဂလိကအဖွဲ့အစည်းကဏ္ဍ |
| (ဎ) | လုပ်ကွက်စိစစ်ချထားပေးရေးလုပ်ငန်းစဉ်များတွင် အဂတိလိုက်စားမှုများမှာ ကြီးစွာဖြစ်ပေါ်နေသောကြောင့် EITI အခန်းကဏ္ဍမှ ဖော်ဆောင်နိုင်ရေးအတွက် ဆောင်ရွက်ရန်နှင့် လက်ရှိ အဂတိဖြစ်ပေါ်နေသော အချင်းအရာများနှင့် အချက်အလက်များအား SNU တွင် ဆွေးနွေး၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့သို့ နာယကမှတစ်ဆင့် တင်ပြရန်။ | နာယက |

**အစည်းအဝေး ပြီးစီးခြင်း**

၂၂။ အစည်းအဝေး (၁၆:၀၀) နာရီတွင် ပြီးစီးပါသည်။

မှတ်တမ်းတင်သူ

( ငွေလင်း၊ အတွင်းရေးမှူး-အရပ်ဘက်အဖွဲ့အစည်းကဏ္ဍာ)

စာအမှတ်၊ ၃/ ၆ - ၃ (၉၆) / မူဝါဒ

ရက် စွဲ ၊ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်

**ဖြန့်ဝေခြင်း**

**ကိုယ်စားလှယ်အားလုံး၊ တိုင်းဒေသကြီးအဆင့်လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့**



Scanned by CamScanner